# ၅-လိင် ၁၀-ပါး ဒဏ် ၁၀-ပါးကို သင်ပြခန်း

**လိင်ကျခြင်း။** ။ရှင်သာမဏေ၏ အသွင်ကို ပါဠိလို "လိင်္ဂ"ဟု ခေါ်၏၊ "သူ့အသက်ကိုသတ်မှု"စသော ပြစ်မှု ဆယ်ပါးတွင် တပါးပါးကို ပြုကျင့်သော သာမဏေသည် ထို ရှင်သာမဏေ အသွင်ဖြင့် (သင်္ကန်းဝတ်လျက်)မနေကောင်း၊ ထိုသာမဏေ၏ အသွင်ကို ဖျက်၍ လူဝတ်လဲပေးရသည်၊ ထိုသို့ လူဝတ်လဲရလောက်အောင် ပြစ်မှုကျူးလွန်မိခြင်းကို "လိင်+ ကျသည်"ဟု ခေါ်ကြသည်၊ ပြစ်မှုဆယ်ပါးကား—

၁။ ပါဏာတိပါတ=သူ့အသက်ကို သတ်ခြင်း။ [ပိုးကောင် ကလေးများကိုသော်လည်း မသတ်ရ။]

၂။ အဒိန္နာဒါန=သူ့ဥစ္စာကို ခိုးခြင်း။ [မြက်တပင်ကိုသော်မှ လိမ်၍ ညာ၍ ခိုး၍ လု၍ မယူရ။]

၃။ အဗြဟ္မစရိယ=မေထုန်အကျင့်ကို ကျင့်ခြင်း။[တိရစ္ဆာန် မ၌သော်မှ မမှီဝဲရ။]

၄။ မုသာဝါဒ=မုသားပြောခြင်း။ [ပြောင်လှောင် ကျီစား လို၍သော်မှ လိမ်၍ မပြောရ။]

၅။ သုရာမေရယ=သေရည်အရက်ကို သောက်ခြင်း။

၆။ ဗုဒ္ဓဿ အဝဏ္ဏ ဘာသန=ဗုဒ္ဓမြတ်စွာ၏ အပြစ်ကို ပြောခြင်း။ [ဘုရားမဟုတ်ဘူး, အလုံးစုံကို မသိနိုင်ဘူး စသည်ဖြင့် မပြောရ။]